# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို မကြာခင်ကျင်းပပါတော့မည်။ မဲပေးရမည့် နည်းလမ်းများကို တစ်ဆင့်ပြီးတစ်ဆင့်ကြည့်ရှုပါ။

နေမကောင်းဖြစ်လျှင် အိမ်မှာပဲနေပါ။ ဆရာဝန်ကိုဆက်သွယ်၍ အကူအညီတောင်းခံပါ။

တစ်ဦးနှင့်တစ်ဦး ၆ ပေ အကွာတွင်နေပါ။

အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ပါ။

လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကျဉ်ပါ။

လက်မဆေးဘဲ မျက်နှာကို မကိုင်တွယ်ပါနှင့်။

နှာချေချောင်းဆိုးပါကတစ်ခါသုံးတစ်ရှူး (သို့မဟုတ်)တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကိုလုံခြုံစွာဖုံးအုပ်ပါ။

ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်ကို စက္ကန့် (၃၀)ကြာအောင် မကြာခဏ စနစ်တကျဆေးကြောပါ။

အသုံးပြုပြီးသောတစ်ရှူးစက္ကူများကို အမှိုက်ပုံးထဲသို့စနစ်တကျစွန့်ပစ်ပါ။ လက်ကိုစနစ်တကျစင်ကြယ်အောင် ဆေးကြောပါ။

Covid-19 ကြောင့် သင်၏ ဆန္ဒမဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစေနှင့်။
ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာပါ။
သင်နှင့် သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။
ဆန္ဒမဲပေးနေစဉ် ရောဂါအန္တရာယ်မှ ကင်းဝေးအောင် ဂရုပြုနေထိုင်ပါ။
ကျွန်ုပ်တို့အားလုံး ရွေးကောက်တွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်နှင့် Covid-19 ကိုကျော်လွှားရန် အားလုံးအတူတကွ လုပ်ဆောင်ကြပါစို့။



## သတိရပါ သင်ရဲ့ဆန္ဒမဲကို လျှို့ဝှက်ထားပါ

https://web.facebook.com/uecmyanmar/
https://www.uec.gov.mm/

## သင်ဟာ အနည်းဆုံး ဆန္ဒမဲသုံးကြိမ်ပေးရမည်။

**ပြည်သူ့လွှတ်တော်**
အစိမ်းရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။

**အမျိုးသားလွှတ်တော်**
အပြာရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။

**တိုင်းဒေသကြီး /ပြည်နယ်လွှတ်တော်**
ခရမ်းရောင် အဖုံးပိတ်ထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။

အချို့သော မဲဆန္ဒရှင်များသည် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် မဲပေးခွင့်ရှိပါက ခရမ်းရောင်ဖုံးထားသော မဲပုံးဆီသွား၍ ဆန္ဒမဲလက်မှတ်ကိုထည့်ပါ။

**(၁) သင်ဆန္ဒမဲပေးလိုသော ကိုယ်စားလှယ်လောင်းကိုသာရွေးချယ်၍ မဲလက်မှတ်ပေါ်တွင် တစ်ကြိမ်သာ တံဆိပ်တုံးရိုက်နှိပ်ရမည်ကို သတိပြုပါ။**
**(၂) သေချာစွာ တံဆိပ်တုံးရိုက်နှိပ်ပါ။**

## မဲရုံအတွင်းသို့ ဝင်ရောက်ခြင်း

မဲရုံရှေ့၌ ကပ်ထားသော မဲစာရင်းတွင် မိမိ၏ မဲစာရင်းနံပါတ်ကိုရှာပါ။

အခြားဆန္ဒမဲပေးသူများနှင့် ၆ ပေ အကွာအဝေး၌သာအမြဲရှိရန် သတိပြုနေထိုင်ပါ။

ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ပါ။

သင်၏လက်တွင် မင်တို့ထားသော အမှတ်အသားမရှိကြောင်း မဲရုံဝင်ပေါက်ရှိ မဲရုံလုံခြုံရေးအား ပြသပါ။

မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သော မဲဆန္ဒရှင်များတန်းစီနေသည့်အခါ ဦးစားပေးခြင်းအားဖြင့် ကူညီပါ။

## လက်ခံရယူခြင်း၊ တံဆိပ်တုံးထုခြင်းနှင့် ဆန္ဒမဲပေးခြင်း

**စစ်ဆေးပါ** – မဲရုံအတွင်းရှိ မဲဆန္ဒရှင်စာရင်း၌ လက်မှတ်ရေးထိုးရန်အတွက် မိမိ၏ကိုယ်ပိုင် ဘောလ်ပင်ယူဆောင်လာသင့်ပါသည်။ အကယ်၍ ကိုယ်ပိုင်ဘောလ်ပင် မသယ်ဆောင်လာပါက အဆင်သင့်ထားရှိသည့် ပိုးသတ်ထားသော ဘောလ်ပင်ကိုယူ၍ လက်မှတ်ထိုးပါ။ ၁

**ထုတ်ယူပါ** – မဲလက်မှတ်ထုတ်ပေးသူဆီသွား၍ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ထိုးပါ။ ပြည်သူ့လွှတ်တော်အတွက် မဲလက်မှတ်ကို ထုတ်ယူပါ။ ၂

**တံဆိပ်တုံးထုပါ** – လျှို့ဝှက်ဆန္ဒပြုခန်းအတွင်း၌ သင်ဆန္ဒပြုလိုသောကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင် တစ်ကြိမ်သာတံဆိပ်တုံးထု၍ ဆန္ဒပြုပါ။ ၃

**ဆန္ဒမဲထည့်ပါ** – သင်၏ ဆန္ဒမဲလက်မှတ်ကို ခေါက်၍ မဲပုံးအတွင်းသို့ထည့်ပါ။ ၄

**ထပ်မံလုပ်ဆောင်ပါ** – အမျိုးသား လွှတ်တော်နှင့် တိုင်း /ပြည်နယ် လွှတ်တော်ကို အထက်ပါ ဖော်ပြထားသော အဆင့်(၁)မှအဆင့်(၃) အတိုင်း ဆန္ဒမဲထပ်ပေးပါ။ တိုင်းရင်းသားဖြစ်ပါက တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒမဲထပ်ပေးပါ။ ၅

ဆန္ဒမဲပေးပြီးပါက မင်တို့သူထံသို့သွားပါ။ သင်၏လက်ကိုပိုးသတ်ပါ။ စက္ကန့် ၃၀ ကြာအောင် စောင့်ပေးပါ။ ပြီးလျှင် သင်၏ဘယ်ဘက် လက်သန်းကို မင်တို့ပါ။ သတ်မှတ်ထားသော ထွက်ပေါက်မှ မဲရုံအပြင်သို့ထွက်ပါ။ ၆

ယခု သင်ဟာ အောင်မြင်စွာ မဲပေးပြီးပါပြီ။ ၇



**မှတ်သားပါ**

**မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ဘေးအကွက်တွင် တံဆိပ်တုံးထု၍ ဆန္ဒပြုပါ။ ဆန္ဒမပြုမီ အကြောင်းတစ်ခုခုကြောင့် ဆန္ဒမဲလက်မှတ် မတော်တဆပျက်စီးသွားပါက ဆန္ဒမဲလက်မှတ်အသစ် တောင်းခံနိုင်ပါသည်။**